ပုံစံ(၉)

**ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်**

**{ နည်းဥပဒေ ၁၇(ဃ) }**

**ခုံသမာဓိအဖွဲ့**

**ရန်ကုန်တိုင်းဒေသကြီး**

**ရန်ကုန်မြို့**

**အငြင်းပွားမှုအမှတ် ( ၆၇ / ၂၀၂၁ )**

အလုပ်သမား (၁၀၆၁)ဦးကိုယ်စား
ဦးသဲမောင်ထွန်းပါ (၉)ဦး
အမှတ်(၈၆၂)၊ မန္တလေးလမ်း၊ (၁၃)ရပ်ကွက်၊
ရွှေပြည်သာမြို့နယ်။ ၀၉ - ၈၈၄ ၈၅၅ ၁၉၆ } နစ်နာ၍တောင်းဆိုသူ

နှင့်

Mrs. Jing Amei ( အလုပ်ရှင် )
Myanmar Sunview ( အထည်ချုပ်စက်ရုံ )
Mr. Hu Feng Feng ( General Manager )
( အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ )
အမှတ် (၁၁/၁၂/၁၃)၊ ဒေါ်ပွားရှင်လမ်း၊ စက်မှုဇုန်(၂)၊
ရွှေပြည်သာမြို့နယ်။ ၀၉ - ၄၂၂ ၄၉၅ ၅၃၁ } တောင်းဆိုခြင်းခံရသူ

ရက်စွဲ ။ ၂၀၂၂ ခုနှစ်၊ မတ် လ ၃၁ ရက်

**ဆုံးဖြတ်ချက်**

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဒေါ်ပွားရှင်လမ်း၊ အမှတ်(၁၁/၁၂/၁၃)ရှိ Myanmar Sunview (အထည်ချုပ်စက်ရုံ) Mrs. Jing Amei (အလုပ်ရှင်)၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ Mr. Hu Feng Feng ( General Manager) နှင့် အလုပ်သမား (၁၀၆၁)ဦးကိုယ်စား ဦးသဲမောင်ထွန်းပါ (၉)ဦး တို့အကြား ဖြစ်ပွားသောအငြင်းပွားမှုကို ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှ လွှဲအပ်ခဲ့သဖြင့်ကြားနာစစ်ဆေးဆုံးဖြတ်လိုက်သည်။

၂။ ဤခုံသမာဓိအဖွဲ့မှ တောင်းဆိုသူနှင့် တောင်းဆိုခြင်းခံရသူတို့၏ တောင်းဆိုလွှာ၊ ချေပလွှာနှင့် စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည်။

အမှုဖြစ်စဉ်အကျဉ်းချုပ်

၃။ ယခုအငြင်းပွားမှုသည် Myanmar Sunview Garment Co.,Ltd ပိုင်ရှင် Mrs. Jing Aimei ( PP. E 57460359 ( China ) ) နှင့် အလုပ်သမား ဦးသဲမောင်ထွန်းပါ အလုပ်သမား (၁၀၆၁)ဦးတို့အကြား (၁၄-၃-၂၀၂၁)ရက်နေ့နှင့် (၁၅-၃-၂၀၂၁)ရက်နေ့တို့တွင် မသမာသူ လူတစ်စု မီးရှို့မှုကြောင့် စက်ရုံမီးလောင်မှုဖြစ်ပွားခဲ့ရာ ယနေ့အချိန်ထိ စက်ရုံပြန်လည် ဖွင့်လှစ်နိုင်ခြင်း မရှိသောကြောင့် စက်ရုံအပြီးပိတ်ပါက စက်ရုံမီးလောင်သည့် (၁၄-၃-၂၀၂၁) ရက်နေ့မှစ၍ (၂၇-၁၂-၂၀၂၁) ရက်နေ့အထိ ကြားကာလနစ်နာကြေး၊ နို့တစ်ကြေး၊ အလုပ်ထုတ် နစ်နာကြေးများ ရရှိလိုကြောင်း ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ တိုင်ကြားသဖြင့် (၂၂-၁၂-၂၀၂၁)ရက်နေ့၊ (၂၃-၁၂-၂၀၂၁)ရက်နေ့နှင့် (၂၇-၁၂-၂၀၂၁)ရက်နေ့ တို့တွင် (၃)ကြိမ် ညှိနှိုင်းဖျန်ဖြေပေး သော်လည်း ပြေလည်မှု မရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ လွှဲပြောင်းပေးပို့ လာသော အငြင်းပွားမှုဖြစ်ပါသည်။

**ကောက်ချက်** ။ **တောင်းဆိုသူ** ဦးသဲမောင်ထွန်းပါ အလုပ်သမား(၁၀၆၁)ဦးတို့အား နို့တစ်ကြေး၊ အလုပ်ထုတ်နစ်နာကြေးနှင့် ကြားကာလနစ်နာကြေး ပေးရန် သင့် / မသင့်။

**တွေ့ရှိချက်** ။ အငြင်းပွားမှုတစ်ရပ်နှင့် စပ်လျဉ်း၍ အငြင်းပွားမှုများဖြစ်ပွားရသည့်အကြောင်းအချက်ပေါ်တွင် ကောက်ချက်ပြု၍ မည်သူမှားသည်၊ မည်သူမှန်သည်၊ ထိုအကြောင်းအချက်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ခြင်း ရှိ / မရှိကို စိစစ်လေ့လာ သုံးသပ်မှုပြုပေးသည်။ ယခုအငြင်းပွားမှု၏ အဓိကအချက်မှာ စက်ရုံအား မသမာသူ လူတစ်စုက (၂)ကြိမ်တိုင်တိုင် မီးရှို့သဖြင့် စက်ရုံမီးလောင်မှုဖြစ်ပွားပြီး အလုပ်ရှင်၊ အလုပ်သမားများနှင့် အဆောက်အဦးပိုင်ရှင်တို့ အခက်အခဲများစွာ ကြုံတွေ့ခဲ့ရကြောင်း တွေ့ရှိရပါသည်။

အလုပ်သမား ဦးသဲမောင်ထွန်းပါ (၁၀၆၁)ဦးဖြင့် မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့တွင် တိုင်ကြားခဲ့သော်လည်း ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့သို့ (၁၀၇၁)ဦးဖြင့် တောင်းဆိုထားကြောင်း တွေ့ရှိရပါသည်။ စက်ရုံပိုင်ရှင်ထံသို့လည်း (၃/၂၀၂၁)လအတွက် လုပ်ခလစာကျန်ငွေ ဖြေရှင်းပေးရန်၊ စက်ရုံပြန်ဖွင့်နိုင်မည့်ကာလ အတိအကျကို အလုပ်သမားများအား အသိပေးရန်၊ စက်ရုံပြန်ဖွင့်ရန် အတိအကျ မသိရှိပါက Day ကြေး ပေးရန်၊ စက်ရုံအပြီးပိတ်သိမ်းပါက နစ်နာကြေးပေးရန် တောင်းဆိုသည်ကို တွေ့ရှိရသည်။ စက်ရုံမှ ဒေါ်အေးအေးအောင် (HR)က (၂၇-၁၂-

၂၀၂၁)ရက်နေ့တွင် စက်ရုံလုံးဝမဖွင့်ပါဟု ပြောကြောင်း၊ လုပ်ခလစာကျန်ငွေ (၁၅)ရက်စာ ပေးချေ၍ ထုတ်ယူပြီးကြောင်း၊ နစ်နာကြေး၊ နို့တစ်ကြေး၊ ကြားကာလနစ်နာကြေး ရလိုကြောင်း တောင်းဆိုထားသည်ကို တွေ့ရှိရပါသည်။

အလုပ်ရှင်ကိုယ်စား Mr. Hu Feng Funy (GM)က ထွက်ဆိုရာတွင် စက်ရုံမီးလောင်၍ အခက်အခဲဖြစ်နေချိန် ချေးငွေယူ၍ အလုပ်သမားများ၏ လုပ်ခလစာကျန်ငွေ (၁၅)ရက်စာအား ပေးချေပြီးကြောင်း၊ စက်ရုံမီးရှို့ခံရသဖြင့် ပြည်ပရှိအပ်ထည် ကုန်ပိုင်ရှင်များနှင့် ပေးလျော်ရေးကိစ္စရပ်များ၊ မြေနှင့်အဆောက်အဦးပိုင်ရှင်၏ စက်ရုံပျက်စီးမှုအတွက် လျော်ကြေးကိစ္စရပ်များ ကြုံတွေ့နေရ၍ စာနာထောက်ထား ပေးစေလိုကြောင်း၊ စက်ရုံအား မီးအာမခံထားသော်လည်း အာမခံပေါ်လစီနှင့် အကျုံးမဝင်၍ မီးအာမခံငွေ မရခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးခံရသည့်အတွက် အလုပ်သမားများ အလုပ်လက်မဲ့ဖြစ်သကဲ့သို့ အလုပ်ရှင်တွင်လည်း ငွေကြေးအပြင် အစားထိုးကုစား၍ မရသော နစ်နာဆုံးရှုံးမှုများ ရှိပါကြောင်း၊ အဆောက်အဦးပိုင်ရှင်မှာလည်း အခက်အခဲများ ကြုံတွေ့ခံစားနေရသဖြင့် နစ်နာသူတစ်ဦးဖြစ်ကြောင်း၊ အလုပ်သမားများအပေါ် အလုပ်ထုတ်ခဲ့ခြင်း၊ ရပ်စဲခဲ့ခြင်း မဟုတ်ကြောင်း စက်ရုံမီးရှို့ခံရသည့်အပေါ် အလုပ်ရှင်ဘက်ကများစွာ နစ်နာခဲ့ရသဖြင့် နစ်နာကြေးပေးနိုင်စွမ်း မရှိကြောင်း၊ မမျှော်မှန်းနိုင်သော ကိစ္စရပ်ဖြစ်ပွားခဲ့သောကြောင့် အလုပ်ရှင်၊ အလုပ်သမားတို့ နှစ်ဦးနှစ်ဖက်ချုပ်ဆိုခဲ့သော အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်အရ ရပ်စဲပြီးဖြစ်ကြောင်း၊ အလုပ်သမား (၁၀၆၁)ဦး တောင်းဆိုလွှာတွင် တင်ပြထားသော လက်မှတ်များအား လုပ်ခလစာ ထုတ်ပေးသည့် မှတ်တမ်းနှင့် တိုက်ဆိုင်စစ်ဆေးခဲ့ရာ (၄၆၅)ဦး၏ လက်မှတ်များမှာ ကွဲလွဲမှုရှိနေကြောင်း တင်ပြထားပါသည်။

မီးလောင်မှုဖြစ်ပွားခဲ့သော စက်ရုံအခြေအနေအား (၂၈-၃-၂၀၂၂) ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ဝင်များဖြစ်သော ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အမှုကြားနာစစ်ဆေးခဲ့သော အဖွဲ့ခွဲဝင် သုံးဦးတို့ဖြင့် ကွင်းဆင်းသွားရောက်စစ်ဆေးရာတွင် စက်ရုံအဆောက်အဦး နှစ်ခုလုံး မီးပြင်းထန်စွာလောင်ကျွမ်းထားသည့်အတွက် အဆောက်အဦးရှိ သံဘောင်/ သံတိုင်များ ကွေးညွှတ်ပျက်စီး၍ အသုံးပြု၍ မရတော့ကြောင်း

တွေ့ရှိရပြီး အဆောက်အဦးနှင့် မြေပိုင်ရှင်က သံတိုင်များနှင့် အဆောက်အဦးအား ဖြိုချနေသည်ကို တွေ့ရှိရပါသည်။ မီးလောင်မှု တစ်နှစ်ကြာမြင့်ပြီဖြစ်၍ စစ်ဆေးချိန်တွင် စက်ပစ္စည်းလောင်းကျွမ်းမှုများ၊ အပိုင်းအစများ မတွေ့ရှိခဲ့ရပါ။

သုံးသပ်ချက် ။ အလုပ်သမားများ တောင်းဆိုလွှာတွင် ဦးသဲမောင်ထွန်းပါ (၁၀၇၁)ဦး တောင်းဆိုထားသော်လည်း ရွှေပြည်သာမြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က လွှဲပြောင်းပေးပို့သော ဦးသဲမောင်ထွန်းပါ (၁၀၆၁)ဦး အပေါ်တွင်သာ အဆုံးအဖြတ်ပေးရန် တာဝန်ရှိပေသည်။

စက်ရုံသည် အလုပ်သမား (၁၂၆၆)ဦးဖြင့် လုပ်ကိုင်ခဲ့ပြီး Solamoda အမည်ဖြင့် ဖွင့်လှစ်လုပ်ကိုင်ခဲ့ရာမှ မီးလောင်မှု မဖြစ်ပွားမီ Myanmar Sunview အမည်ဖြင့် ပြောင်းလဲလုပ်ကိုင်ခဲ့ခြင်း၊ လှိုင်သာယာမြို့နယ်တွင် Solamoda – 1 အထည်ချုပ်စက်ရုံတစ်ရုံရှိခြင်း၊ အာမခံကုမ္ပဏီသို့ စက်ရုံဆုံးရှုံးမှုတန်ဖိုး ဒေါ်လာ ၆ သန်း တောင်းဆိုထားသော်လည်း အာမခံကုမ္ပဏီမှ ပေါ်လစီနှင့် မကိုက်ညီ၍ ငြင်းပယ်ခံရခြင်း၊ မီးသတ်ဦးစီးဌာနက မီးလောင်မှုဖြစ်စဉ် နှစ်ကြိမ်အတွက် Level – 2 သတ်မှတ်ပြီး ပထမအကြိမ် ဆုံးရှုံးမှုတန်ဖိုး ငွေ ကျပ် သိန်း (၂၀၀၀)၊ ဒုတိယအကြိမ်တွင် ဆုံးရှုံးမှုတန်ဖိုး ငွေ ကျပ် သိန်း (၁၂၀၀)၊ စုစုပေါင်း ငွေ ကျပ် သိန်း (၃၂၀၀) ဆုံးရှုံးသည်ဟု အတည်ပြုခဲ့ခြင်း၊ အလုပ်သမား တစ်ထောင်ကျော် အလုပ်လက်မဲ့ဖြစ်၍ စားဝတ်နေရေး အခက်အခဲဖြစ်ပေါ်ခြင်း၊ မြေပိုင်ရှင်ထံ လျော်ကြေးပေးရန်ရှိနေခြင်း၊ အလုပ်အကိုင်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေးဥပဒေအရ အလုပ်အကိုင်၊ အခွင့်အလမ်းများ ဆုံးရှုံးခဲ့သော အလုပ်သမားများအား ခုံသမာဓိကောင်စီ ဆုံးဖြတ်ချက်ပါ သာဓကများအရ နစ်နာကြေးပေးရန် တာဝန်ရှိကြောင်း သုံးသပ်ရရှိသည်။

အလုပ်သမား ဦးသဲမောင်ထွန်းပါ (၁၀၆၁)ဦး တောင်းဆိုသော နို့တစ်ကြေး၊ အလုပ်ထုတ် နစ်နာကြေးများသည် စက်ရုံပိတ်သိမ်းခြင်း၊ အလုပ်ထုတ်ခြင်း၊ အလုပ်ရပ်စဲခြင်း၊ အလုပ်ရပ်နားခြင်းများတွင်သာ ပေးရသော ငွေကြေးများဖြစ်ပြီး၊ ကြားကာလနစ်နာကြေးသည်လည်း အလုပ်ပြန်လည်ခန့်ထားမှသာ ပေးချေရသော ငွေကြေးများဖြစ်သည်။

ယခု အဖြင်းပွားမှုသည် အလုပ်ရှင်က အလုပ်သမား ဦးသဲမောင်

ထွန်းပါ (၁၀၆၁)ဦးအား အလုပ်ထုတ်ခြင်း၊ အလုပ်ရပ်နားခြင်း၊ စက်ရုံပိတ်သိမ်းခြင်း မဟုတ်ဘဲ စက်ရုံမီးရှို့ခံရသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိခြင်းသာဖြစ်ပါသည်။ မီးလောင်ပျက်စီးသွားသော အဆောက်အဦးအား အဆောက်အဦးပိုင်ရှင်မှ ပြန်လည်သိမ်းယူဖြိုချဖျက်ဆီးလိုက်ပြီး စက်ရုံမြေနေရာကိုလည်း ပြန်လည်သိမ်းဆည်းထားသည့် အခြေအနေကို တွေ့ရှိရပါသည်။

စက်ရုံ မီးလောင်မှုဖြစ်ပွားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် နောက်ဆုံးပေးသွင်းခဲ့သော ထည့်ဝင်ကြေး လုပ်ခလစာ၏ ၄၀% ကို အလုပ်သမားဝန်ကြီးဌာန၏ လူမှုဖူလုံရေးရန်ပုံငွေမှ ပေးချေပြီးဖြစ်ပါသည်။ ထို့ပြင် မီးမလောင်ခင်ရက်အထိ အလုပ်သမားများ ရရန်ရှိသော လုပ်ခလစာများလည်း ပေးချေပြီးကြောင်း တွေ့ရှိပါသည်။

အလုပ်ရှင်အနေဖြင့် မီးအာမခံထားရှိသော်လည်း မီးအာမခံပေါ်လစီနှင့်ကိုက်ညီမှု မရှိ၍ အာမခံလျော်ကြေးငွေ မရရှိခြင်းတို့ကြောင့်လည်းကောင်း၊ မြေရှင်၏ အဆောက်အဦး ပျက်စီးမှုနှင့် ပစ္စည်းဆုံးရှုံးမှုအပေါ် လျော်ကြေးတောင်းခံနေ၍လည်းကောင်း၊ အော်ဒါထည်များပျက်စီး၍ ကုန်ပိုင်ရှင်များမှ လျော်ကြေးတောင်းခံနေ၍ လည်းကောင်း၊ ထိုသို့ နစ်နာဆုံးရှုံးမှုများ ကြုံတွေ့ခံစားနေရသော အလုပ်ရှင်အား အလုပ်သမားများ တောင်းဆိုသော နစ်နာကြေးများကို ပေးချေရန် ဆုံးဖြတ်ပါက ရေနစ်သူ့၊ ဝါးကူထိုး သကဲ့သို့ဖြစ်နိုင်ပြီး နိုင်ငံတစ်ကာမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအတွက် အဟန့်အတားတစ်ရပ် ဖြစ်လာနိုင်ကြောင်း သုံးသပ်ရရှိသည်။

အထက်ပါ သုံးသပ်ချက်များအရ အောက်ပါအတိုင်း ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်။ တောင်းဆိုသူ အလုပ်သမား ဦးသံမောင်ထွန်းပါ အလုပ်သမား (၁၀၆၁)ဦးအား နို့တစ်ကြေး၊ အလုပ်ထုတ်နစ်နာကြေးနှင့် ကြားကာလနစ်နာကြေးပေးရန် မလိုကြောင်း ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင် ဖော်ပြထားသော နေ့ရက်မှစ၍ အာဏာတည်စေရမည်။

မှတ်ချက်။ (၁) ခုံသမာဓိအဖွဲ့၏ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့ရက်မှ ခုနစ်ရက်အတွင်း ခုံသမာဓိကောင်စီ၏ အဆုံးအဖြတ်ခံယူရန် အငြင်းပွားသူတစ်ဖက်ဖက်မှ လျှောက်ထားနိုင်သည်။

(၂) မှတ်ချက် (၁)ပါအတိုင်း ဆောင်ရွက်ခြင်းမပြုလုပ်လျှင် ဆုံးဖြတ်ချက်များကို သတ်မှတ်သည့်နေ့ရက်အတွင်း နှစ်ဖက်စလုံးက လိုက်နာဆောင်ရွက်ရမည်။

| | | |
|---|---|---|
| (ဇင်ကေသွယ်)<br>အတွင်းရေးမှူး | (လွင်လွင်မြင့်)<br>ဥက္ကဋ္ဌ | (ကျော်ရီဦး)<br>အဖွဲ့ဝင် |

| | | | |
|---|---|---|---|
| (ကျင်အေး)<br>အဖွဲ့ဝင် | (ဒေါက်တာခင်မောင်အေး)<br>အဖွဲ့ဝင် | ( လစ်လပ် )<br>အဖွဲ့ဝင် | (မြင့်အောင်)<br>အဖွဲ့ဝင် |
| (ကျော်ဇေယျ)<br>အဖွဲ့ဝင် | (စောတင်)<br>အဖွဲ့ဝင် | ( အောင်ကျော်ထွန်းနိုင်ဦး )<br>အဖွဲ့ဝင် | (ကျင်သိန်း)<br>အဖွဲ့ဝင် |